# ကျောက်မဲမြို့နယ် ဟူးကွက်ကျေးရွာနေ ရှူစိုင်းတအာင်း (ပလောင်) တိုင်းရင်းသားတို့၏ လူမှုရေးပွဲ့စည်းပုံ

ကျမ်းတင်သွင်းသူ – မမြင့်မြင့်အေး
ဿ – ၂
( ၁၉၉၆ – ၉၈ )
မနုဿဗေဒဌာန
ရန်ကုန်တက္ကသိုလ်

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသား (၁၃၅) မျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားလာသော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည် ပင်ရင်းဒေသဖြစ်သော မွန်ဂိုကုန်းပြင်မြင့်မှ အုပ်စုကြီးသုံးစုခွဲကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုအုပ်စုကြီးသုံးစုမှာ (၁) မွန်–ခမာ အုပ်စု၊ (၂) တိဗက်–မြန်မာ အုပ်စု၊ (၃) ထိုင်း–တရုတ် အုပ်စုတို့ဖြစ်ကြပေသည်။ ၎င်းတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာမှ အစပြု၍ ဤပြည်ထောင်စုမြေပေါ်၌ အတူတကွနေထိုင်လာခဲ့ကြသော သွေးရင်း၊ သားရင်း၊ ညီရင်းအစ်ကိုများပင် ဖြစ်ကြပေသည်။ တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ နယ်ချဲ့များရောက်လာကြသည်အထိ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး အေးအတူပူအမျှ နေထိုင်ခဲ့ကြပေသည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲများတွင် မြန်မာစစ်သည်များနှင့်အတူ မြေမြင့်၌နေထိုင်ကြသော တိုင်းရင်းသားစစ်သည်များသည်လည်း သွေးရေတပြင်စီး နယ်ချဲ့တို့၏ရန်ကို တွန်းလှန်ခဲ့ကြသည်။

နယ်ချဲ့တို့၏လက်အောက်သို့ ရောက်ရှိပြီးဖြစ်သည့်တိုင်အောင် တိုင်းရင်းသားများအနေဖြင့် အနိုင်မခံ၊ အရှုံးမပေးဘဲ သွေးစည်းညီညွတ်စွာဖြင့် နယ်ချဲ့စနစ်ကို ခုခံဆန့်ကျင်ခဲ့ကြပေသည်။ ထို့ကြောင့် နယ်ချဲ့တို့သည် တိုင်းရင်းသားညီရင်းအစ်ကိုများကို အချင်းချင်းလက်တွဲဖြုတ်ကာ သွေးစည်းမှုပျက်ပြားအောင် အမျိုးမျိုးအားထုတ်ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ သွေးခွဲမှုမှာ နယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်စဉ် တလျှောက်လုံးနှင့် မြန်မာနိုင်ငံကို လက်လွှတ်သွားခဲ့ရသည့် နောက်ပိုင်းအထိ ရပ်နားခြင်းမရှိခဲ့ပေ။ ထို့ကြောင့် တစ်ချိန်က တိုင်းရင်းသားလူမျိုးအချင်းချင်း အေးအတူပူအမျှ ညီညွတ်ငြိမ်းချမ်းစွာ နေထိုင်လာရာမှ နယ်ချဲ့တို့၏လက်ချက်ဖြင့် တိုင်းရင်းသားများ တစ်စုနှင့်တစ်စု အဆက်အသွယ်ပြတ်ကာ သူ့အကြောင်း ငါမသိ၊ ငါ့အကြောင်း သူမသိ ဘဝသို့ ရောက်ခဲ့ရပေသည်။ တိုင်းရင်းသားအချင်းချင်း၏ စည်းလုံးညီညွတ်မှုမှာလည်း ပျက်ပြားခဲ့ရပြီး နောက်ဆုံးတွင် ပြည်ထောင်စုကြီး ပြိုကွဲတော့မည့် အခြေအနေသို့ရောက်ရှိခဲ့သည်။

ယနေ့အချိန်တွင် မြန်မာ့မြေ၊ မြန်မာ့ရေနှင့်ကိုက်ညီမည့် နိုင်ငံတော်သစ်ကို တည်ဆောက်လျှက်ရှိရာ ယခင်ပြင်ပအနှောက်အယှက် ပယောဂများကြောင့် ဖြစ်ပေါ်ခဲ့ရသော တိုင်းရင်းသားအချင်းချင်း၏ သံသယရှိမှုများကို ပယ်ဖျက်၍မူလက တည်ရှိနေခဲ့သော တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်ရေးကို ပြန်လည်ဖော်ထုတ်ကြရန်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားတိုင်း၏ တာဝန်ပင်ဖြစ်ပေသည်။

တိုင်းရင်းသားလူမျိုးတို့၏ သွေးစည်းညီညွတ်ရေးကို တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှုမှရရှိနိုင်ပေသည်။ တိုင်းရင်းသားအချင်းချင်း၏ ရင်းနှီးမှုကို ဆက်ဆံမှုပြေပြစ်ခြင်းမှ ရရှိနိုင်ပေသည်။ တစ်ဦး၏အကြောင်းကိုတစ်ဦးက သေသေချာချာသဘောပေါက်နားလည်လျှင် ဆက်ဆံမှုပြေပြစ်နိုင်ပေသည်။ ထိုသို့ သဘောပေါက်နားလည်နိုင်ရန်အတွက် တိုင်းရင်းသားအသီးသီးသည် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို နားလည်သိရှိထားရန် လိုအပ်ပေသည်။ ထို့ကြောင့် တိုင်းရင်းသား (၁၃၅) မျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သော တအာင်း ခေါ် ပလောင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သိရှိနိုင်ရန် တအာင်း (တအန်း) တိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို မနုဿဗေဒရှုဒေါင့်မှ ကွင်းဆင်းလေ့လာ၍ ရေးသားတင်ပြ လိုက်ရပါသည်။